# အခွင့်အရေးများ၊ တာဝန်များနှင့် ရင်းမြစ်များ

## ငှားရမ်းသူတစ်ဦးအဖြစ်

ငှားရမ်းသူများအတွက် ဒေသန္တရ၊ ပြည်နယ်နှင့် ဗဟိုအစိုးရ ကာကွယ်မှုများရှိပါသည်။
SA.gov/TenantsRights တွင် ပိုမိုလေ့လာပါ သို့မဟုတ် အောက်ပါ QR ကုဒ်ကို စကန်ဖတ်ပါ။

| | အိမ်ငှား အခွင့်အရေးများ | ရှင်းလင်းချက် | ဥပဒေရေးရာ ကာကွယ်မှုများ | အဆက်အသွယ် |
|---|---|---|---|---|
| ဖယ်ပေးရန် အသိပေးချက် | **အိမ်ငှားခ မပေးချေမှုကြောင့် ဖယ်ပေးရန် သတိပေးစာ လက်ခံရရှိပါက ဘာလုပ်ရမည်နည်း။** | သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူက ဖယ်ပေးရန် အသိပေးစာ ပို့လာသည့်အခါ သင့်အိမ်မှ ချက်ချင်း ထွက်ခွာပေးရန် မလိုအပ်ပါ။ သင်နှင်ထုတ်မခံရသေးမချင်း ထွက်ခွာပေးရန် လိုအပ်မည်မဟုတ်ပါ။<br><br>သင်လုပ်သင့်သည့်အရာများ -<br>**1)** ငွေပြန်ပေးချေရေးဆိုင်ရာ သဘောတူညီချက် အစီအစဉ်တစ်ခု စတင်ခြင်းနှင့် ပတ်သက်ပြီး သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူနှင့် တိုင်ပင်ဆွေးနွေးခြင်း။<br>**2)** အိမ်ငှားခ အထောက်အပံ့ အစီအစဉ်များကို ရှာခြင်း။<br>**3)** သင့်အမှုတွဲကို တင်ပြနိုင်ရန်အလို့ငှာ သင်၏ နှင်ထုတ်မှု ကြားနာစစ်ဆေးချိန်တွင် လာရောက်ရန် စီစဉ်ခြင်း။ သင်မတက်ရောက်ပါက သင့်အမှုတွဲကို အလိုအလျောက် ဆုံးရှုံးပါမည်။<br><br>သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် ဖယ်ပေးရန် အသိပေးစာ သို့မဟုတ် အိမ်ငှားခ မရသေးသော အသိပေးချက် ထုတ်ပြန်ပြီး 1 ရက်အတွင်း အိမ်ငှားသူများ၏ အခွင့်အရေးများဆိုင်ရာ အသိပေးချက်၏ မိတ္တူတစ်စောင်ကို သင့်ထံ ပေးအပ်ရန် လိုအပ်ပါသည်။ | **အိမ်ငှား အခွင့်အရေးများ သတိပေးချက် မြို့တော်၏ စည်းမျဉ်း။** | စည်းမျဉ်းစု ပြဋ္ဌာန်းမှု - San Antonio မြို့တော်၏ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများဌာန၊ ဖုန်း 311 သို့မဟုတ် 210-207-6000 သို့ ခေါ်ဆိုပါ။ |
| အငှားစာချုပ် | **ကျွန်ုပ်၏ အိမ်ငှားစာချုပ် သဘောတူညီချက်၏ မိတ္တူတစ်စောင်ကို ကျွန်ုပ် တောင်းဆိုပါက အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် ၎င်းကို ကျွန်ုပ်အား ပေးရန်လိုအပ်ပါသလား။** | ဟုတ်ကဲ့၊ ၎င်းကို သင်တောင်းဆိုလိုက်ပါက သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် သက်တမ်းတိုးလိုက်သည့် အိမ်ငှားစာချုပ်များ အပါအဝင် အိမ်ငှားစာချုပ်၏ မိတ္တူတစ်စောင်ကို သင့်အား ပေးအပ်ရန် လိုအပ်ပါသည်။ သင့်အိမ်ငှားစာချုပ်တွင် သင့်အိမ်အတွက် စည်းကမ်းသတ်မှတ်ချက်များ ပါရှိရမည်။ သို့ဖြစ်ပါ၍ သင့်မှတ်တမ်းများအတွက် မိတ္တူတစ်စောင်ကို သင်သိမ်းထားရန်မှာ အရေးကြီးပါသည်။ | **Texas အိမ်ခြံမြေ စည်းမျဉ်းစု အပိုင်း 92.024။** | အကူအညီအတွက် သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူ သို့မဟုတ် အိမ်ခြံမြေ မန်နေဂျာနှင့် အရင်ဆုံး ပြောဆိုပါ။<br><br>နှင်ထုတ်မှုဆိုင်ရာ လုပ်ငန်းစဉ်နှင့် ပတ်သက်သော ဥပဒေရေးရာ အကူအညီအတွက် Texas RioGrande Legal Aid သို့ သင်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်း - 210-212-3703 သို့မဟုတ် အီးမေးလ် - RightToCounsel@trla. org။ |
| ပြုပြင်မှုများ | **ကျွန်ုပ်၏ အိမ်ခန်းတွင် မဖြစ်မနေ ပြုပြင်မှုများ ပြုလုပ်ရန် လိုအပ်ပါသည်၊ ဘာလုပ်သင့်ပါသနည်း။** | Texas ဥပဒေအရ သင်သည် ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီသော နေထိုင်မှုအခြေအနေများကို ခံစားပိုင်ခွင့် ရှိပါသည်။ အိမ်ပိုင်ရှင်များသည် မြို့တော်၏ အိုးအိမ်ထိန်းသိမ်းရေးစည်းမျဉ်းများကို လိုက်နာပြီး ပြုပြင်မှုများအတွက် တောင်းဆိုမှုများကို နောက်ဆက်တွဲ လုပ်ဆောင်ပေးရပါမည်။ သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် ပြုပြင်မှုများ မပြုလုပ်ပေးပါက သင်၏ အိမ်ငှားခ မပေးခြင်းမျိုး မပြုပါနှင့်။ ထိုသို့ ပြုလုပ်ခြင်းသည် နှင်ထုတ်မှု ဖြစ်လာစေနိုင်ပါသည်။ သင်၏ အိမ်ငှားစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း ပြုပြင်မှုများအတွက် တောင်းဆိုမှုများကို သေချာပြုလုပ်ပေးပါ။ လက်မှတ်ရ ချောစာပို့ဆောင်မှုဖြင့် သင်၏ ပြုပြင်ပေးရန် တောင်းဆိုချက်စာလွှာများကို မှတ်တမ်းတင်ထားပါ။ သင်၏ အငှားအိမ်ရာဝန်ဆောင်မှုပေးသူသည် အလိုက်သင့်တုံ့ပြန်မှု မရှိပါက 311 သို့မဟုတ် 210-207-6000 သို့ ဖုန်းခေါ်ဆိုပါ။ | **Texas အိမ်ခြံမြေ စည်းမျဉ်းစု အပိုင်း 92.056/San Antonio အိမ်ခြံမြေ ပြုပြင်ထိန်းသိမ်းရေး စည်းမျဉ်းစု။** | စည်းမျဉ်းစု ပြဋ္ဌာန်းမှု - San Antonio မြို့တော်၏ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများဌာန၊ ဖုန်း 311 သို့မဟုတ် 210-207-6000 သို့ ခေါ်ဆိုပါ။ ဥပဒေရေးရာ အကူအညီအတွက် Texas RioGrande Legal Aid ထံသို့ သင်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်း - 210-212-3703 သို့မဟုတ် အီးမေးလ် - RightToCounsel@trla. org။ |
| ခွဲခြားဆက်ဆံခြင်း | **ကျွန်ုပ်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် ကျွန်ုပ်အပေါ် ခွဲခြားဆက်ဆံသည်ဟု ခံစားရပါက ဘာလုပ်ရမည်နည်း။** | သင့်တွင် သင်၏ လူမျိုး၊ အသားအရောင်၊ နိုင်ငံသားဇာစ်မြစ်၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ အမျိုးအစား၊ မိသားစု အခြေအနေ၊ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွှတ်မှု၊ စစ်မှုထမ်းဖြစ်မှု၊ အသက် သို့မဟုတ် လိင်ခံယူမှုတို့ပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မခံရပိုင်ခွင့် ရှိပါသည်။ သင်၏အိမ်ရာ ရယူခွင့် သို့မဟုတ် သင်၏ အိမ်ရာလျှောက်လွှာကို အထက်ဖော်ပြပါ အကြောင်းရင်း တစ်ခုခုကြောင့် မငြင်းဆိုနိုင်ပါ။ | **ဗဟိုအစိုးရနှင့် တက္ကဆက် မျှတသော အိမ်ရာ အက်ဥပဒေများ/ ဆန်အန်တိုနီယိုမြို့တော် ခွဲခြားဆက်ဆံမှုမပြုရေး စည်းမျဉ်း။** | San Antonio မြို့တော်၏ မျှတသော အိမ်ရာအစီအစဉ် - ဖုန်း 210-207-5309 သို့ ခေါ်ဆိုပါ။ |

*အဆက်* »

CITY OF SAN ANTONIO TEXAS NEIGHBORHOOD & HOUSING SERVICES

**SA.gov/NHSD**

ဤလက်ကမ်းကြော်ငြာစာသည် အသိပညာပေးရေး ရည်ရွယ်ချက်အတွက်သာဖြစ်၍ ၎င်းကို ဥပဒေရေးရာ အကြံပြုချက်အဖြစ် အသုံးမပြုသင့်ပါ။

# အခွင့်အရေးများ၊ တာဝန်များနှင့် ရင်းမြစ်များ

## ငှားရမ်းသူတစ်ဦးအဖြစ် (အဆက်)

| | အိမ်ငှား အခွင့်အရေးများ | ရှင်းလင်းချက် | ဥပဒေရေးရာ ကာကွယ်မှုများ | အဆက်အသွယ် |
|---|---|---|---|---|
| လက်တုံ့ပြန်ခြင်း | **ကျွန်ုပ်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် ကျွန်ုပ်အပေါ် လက်တုံ့ပြန်နိုင်ပါသလား။** | လက်တုံ့မပြန်နိုင်ပါ။ သင်၏ အိမ်ရှင်သည် သင်၏ အိမ်ငှားစာချုပ်၊ မြို့တော်စည်းမျဉ်း၊ ပြည်နယ် သို့မဟုတ် ဗဟိုအစိုးရ ဥပဒေအောက်ရှိ သင့်အခွင့်အရေးများကို ကျင့်သုံးခြင်း၊ သင်၏အိမ်ခန်းအား ပြုပြင်ပေးရန် တောင်းဆိုခြင်း၊ စည်းမျဉ်း ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး မြို့တော်ကို စောဒကတက်ခြင်း သို့မဟုတ် အိမ်ငှား အဖွဲ့အစည်းတွင် ပါဝင်ခြင်းအတွက် သင့်အပေါ် လက်တုံ့မပြန်နိုင်ပါ။ လက်တုံ့ပြန်ခြင်းဆိုသည်မှာ သင့်အား နှင်ထုတ်ရန်အတွက် တင်ပြခြင်း၊ အိမ်ခြံမြေများသို့ ဝင်ရောက်ခွင့်ပေးရန် ငြင်းဆိုခြင်း၊ ဝန်ဆောင်မှုများကို လျှော့ချခြင်း၊ သင်၏ အိမ်ငှားခကို တိုးမြှင့်ခြင်း သို့မဟုတ် ခြောက်လတာကာလအထိ သင်၏ အခွင့်အရေးများ ကျင့်သုံးခြင်းကို အခြေခံအားဖြင့် နှောင့်ယှက်သည့် တစ်စုံတစ်ရာ ပြုလုပ်ခြင်းကို ဆိုလိုသည်။ | **Texas အိမ်ခြံမြေ စည်းမျဉ်းစု အပိုင်း 92.331။** | San Antonio မြို့တော်၏ အကြံပြုချက်ရပိုင်ခွင့် အစီအစဉ်၊<br>Texas RioGrande Legal Aid က စီမံကွပ်ကဲသည်၊<br>ဆက်သွယ်ရန် ဖုန်း - 210-212-3703 သို့မဟုတ်<br>အီးမေးလ် - RightToCounsel@trla. o |
| မသန်စွမ်းမှု | **ကျွန်ုပ်တွင် မသန်စွမ်းမှု ရှိနေပါက အိမ်ခန်း သို့မဟုတ် နေရာထိုင်ခင်း ပြုပြင်မှုများအတွက် မည်သို့သော တောင်းဆိုမှုများကို ကျွန်ုပ်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူက ပြုလုပ်ပေးရန် လိုအပ်ပါသနည်း။** | သင့်တွင် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု ရှိပါက သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူထံမှ စည်းကမ်းချက်များ၊ မူဝါဒများ၊ ကျင့်ထုံးများ သို့မဟုတ် ဝန်ဆောင်မှုများအပိုင်းတွင် သင့်လျော်သော လိုက်လျောပေးမှုများ ရရှိခံစားပိုင်ခွင့် ရှိပါသည်။ | **ဗဟိုအစိုးရနှင့် Texas မျှတသော အိမ်ရာ အက်ဥပဒေများ။** | San Antonio မြို့တော်၏ မျှတသော အိမ်ရာ အစီအစဉ်၊ ဖုန်း 210-207-5309 သို့ ခေါ်ဆိုပါ။ |
| စပေါ်ငွေ | **ကျွန်ုပ်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူက ကျွန်ုပ်၏ စပေါ်ငွေကို ထုတ်မပေးဘဲထားပါက ဘာလုပ်ရမည်နည်း။** | သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူထံတွင် ပျက်စီးမှုများ သို့မဟုတ် သင်၏ အိမ်ငှားစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း အခြားသော ယခင် ကောက်ခံခများအတွက် သင် အကြွေးမတင်သရွေ့ သင်၏ စပေါ်ငွေကို ပြန်လည်လက်ခံရရှိပိုင်ခွင့် သင့်တွင်ရှိပါသည်။ သင်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူသည် အိမ်ခန်းတွင် ပုံမှန် ပေါက်ပြဲမှုနှင့် ပွန်းပဲ့မှုအတွက် သင်၏ စပေါ်ငွေမှ ငွေများ မနုတ်ယူနိုင်ပါ။ သင်သည် အိမ်ခန်းအခြေအနေကို ဓာတ်ပုံများဖြင့် မှတ်တမ်းတင်သင့်ပါသည်။ | **Texas အိမ်ခြံမြေ စည်းမျဉ်းစု အပိုင်း 92.103။** | San Antonio မြို့တော်၏ အကြံပြုချက်ရပိုင်ခွင့် အစီအစဉ်၊<br>Texas RioGrande Legal Aid က စီမံကွပ်ကဲသည်၊<br>ဆက်သွယ်ရန် ဖုန်း - 210-212-3703 သို့မဟုတ်<br>အီးမေးလ် - RightToCounsel@trla. org။ |
| အိမ်ရာလက်မှတ် | **အိမ်ရာလက်မှတ်ကို အသုံးပြုနေသောကြောင့် အိမ်ငှားနေရန်အတွက် ကျွန်ုပ်၏ လျှောက်လွှာ အငြင်းခံရပါက ဘာလုပ်ရမည်နည်း။** | ဇွန်လ 2020 နောက်ပိုင်းတွင် San Antonio မြို့တော်မှ မက်လုံးများ လက်ခံရရှိသည့် အချို့သော အိမ်ခြံမြေများသည် အလားအလာရှိသော အိမ်ငှားကို သတ်မှတ်ချက်ပြည့်မီနေပါက ၎င်းတို့တွင် အိမ်ရာလက်မှတ် ရှိသောကြောင့်ဆိုပြီး ၎င်းတို့အား ငြင်းဆိုခြင်း မပြုလုပ်နိုင်ပါ။ | **အိမ်ရာလက်မှတ် မက်လုံး မူဝါဒ။** | San Antonio မြို့တော်၊ ဖုန်း 311 သို့မဟုတ် 210-207-6000 ကို ခေါ်ဆိုပါ။ |
| ဘာသာစကား | **ကျွန်ုပ်၏ အငှားအိမ်ရာ ဝန်ဆောင်မှုပေးသူအား ကျွန်ုပ်၏ အငှားစာချုပ် သို့မဟုတ် အခြား အခြေခံ အိမ်ရာ စာရွက်စာတမ်းများကို ကျွန်ုပ်၏ နှစ်သက်ရာ ဘာသာစကားဖြင့် ပေးအပ်ရန် တောင်းဆိုနိုင်ပါသလား။** | သင်သည် အစိုးရအိမ်ရာ သို့မဟုတ် အိမ်ရာရွေးချယ်ခွင့်လက်မှတ် အစီအစဉ်ကဲ့သို့ ဗဟိုအစိုးရက ငွေကြေးထောက်ပံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးနယ်မြေအချို့တွင် နေထိုင်နေပါက သို့မဟုတ် ထိုနယ်မြေရှိ အိမ်ရာကို သင်ရှာဖွေနေပါက သင်၏ အိမ်ငှားစာချုပ် အပါအဝင် အရေးကြီးသော အိမ်ရာ စာရွက်စာတမ်းများအားလုံး၏ ဘာသာပြန်ဆိုမှုများ သို့မဟုတ် စကားပြန်ဆိုမှုများအတွက် သင်တောင်းဆိုနိုင်ပါသည်။ | **အရပ်ဖက်အခွင့်အရေးများ အက်ဥပဒေ၏ ခေါင်းစဉ် VI** | ဗဟိုအစိုးရ အရပ်ဖက် အခွင့်အရေးများရုံးခန်း၊ HHS. gov/OCR။ San Antonio မြို့တော်၏ မျှတသော အိမ်ရာ အစီအစဉ်၊ ဖုန်း 210-207-5309 ကို ခေါ်ဆိုပါ။ |

CITY OF SAN ANTONIO TEXAS NEIGHBORHOOD & HOUSING SERVICES

*SA.gov/NHSD*

ဤလက်ကမ်းကြော်ငြာစာသည် အသိပညာပေးရေး ရည်ရွယ်ချက်အတွက်သာဖြစ်၍ ၎င်းကို ဥပဒေရေးရာ အကြံပြုချက်အဖြစ် အသုံးမပြုသင့်ပါ။